## (၄) ဖျူစေရီယမ်ပင်ညှိုးရောဂါ (Fusarium wilt)

**ရောဂါဖြစ်စေသောသက်ရှိ - *Fusarium oxysporum* f.sp. *vasinfectum* (G.F. Atk.) W.C. Snyder & H.N. Hansen**

### ရောဂါလက္ခဏာများ

အပင်၏အောက်ရွက်များ၊ အစိမ်းရောင်ပျောက်လာပြီး အရွက်နားများ ဝါလာကာ ရွက်ကြောများကြားထဲသို့ ကျယ်ပြန့်လာသည်။ အောက်ရွက်များအစိမ်းရောင် ပျောက်ကာ စတင်ညှိုးလာသည်။ နောက်ပိုင်း တွင်အရွက်များ ကြွေကျသည်။ ပင်စည်ကိုခွဲကြည့်ပါက အစာ ကြောရေကြော အတွင်းသား များ အညိုရောင် ပြောင်းလဲနေသည်။




### ကာကွယ်နှိမ်နင်းနည်းများ

- မျိုးစေ့/မြေ ဆောင်ရောဂါဖြစ်သည်။
- မိုးသည်းထန်စွာရွာပြီးနောက် ခြောက်သွေ့သောရာသီဥတု အခြေအနေ၊ မြေတွင်း အပူ ချိန်မြင့်သောအခြေအနေသည် ရောဂါကျရောက်မှုကိုအားပေးသည်။
- အမြစ်တွင်နီမတုတ် နှင့် အင်းဆက်များတိုက်ခိုက်ခံ ရပါကရောဂါပိုပြင်း ထန် စေသည်။
- ခံနိုင်ရည်ရှိသောမျိုးကို သုံးပါ။

- ရောဂါရပင်ကြွင်းပင်ကျန်များကို နုတ်ယူမီးရှို့ဖျက်ဆီးပါ။
- မြေလှန်၍ နွေထယ်ရေးခံသော စနစ်ကိုဆောင်ရွက်ပါ။
- အခြားသီးနှံများနှင့်သီးလှည့်စိုက်ပါ။
- အပင်ငယ်စဉ်တွင်ရောဂါကျရောက်မှုမရှိစေရန်မျိုးစေ့လူးနယ် မှိုသတ် ဆေးတစ်မျိုးမျိုးဖြင့်လူးနယ်စိုက်ပျိုးပါ။
- အပင်ခြေရင်းတွင် ထရိုင်ကိုဒါးမားမှိုကိုထည့်ပေးပါ။
- ပင်လုံးပြန့်အာနိသင်ရှိသော Hymexazol (ဟိုင်မီဇာဇိုးလ်), Thiophanate-methyl (သိုင်အိုဖါနိတ်မီသိုင်း) တို့အားအပင်ခြေရင်းရွှဲရွှဲဖျန်းပါ။